# ၂၀၁၀ အထွေထွေရွေးကောက်ပွဲအကြောင်း သိကောင်းစရာ

တက္ကသိုလ်ဆရာတစ်ဦး

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် လုပ်ငန်းစဉ်များ အချက်အလက် ကိန်းဂဏန်းများကို မဲဆန္ဒရှင်များ၊နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူများ တစ်စုတစ်စည်းတည်း လေ့လာနိုင်ရန်အတွက် မျှဝေလိုက်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေတို့ကို ၈-၃-၂၀၁၀ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်အဖွဲ့ဝင် ၁၇ ဦး ပါဝင်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (ကော်မရှင်)ကို ၁၁-၃-၂၀၁၀ ရက်နေ့က ဖွဲ့စည်းတာဝန်ပေးအပ် ခဲ့သည်။

ကော်မရှင်သည် သက်ဆိုင်ရာနည်းဥပဒေများကို ၁၇-၃-၂၀၁၀ ရက်နေ့က ထုတ်ပြန်ခဲ့သည်။ ထို့ပြင် ကော်မရှင်သည် တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများ၊ နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲများ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက်/ ကျေးရွာကော်မရှင်အဖွဲ့ခွဲများကို ၇-၄-၂၀၁၀ ရက်နေ့မှ ၂၃-၈-၂၀၁၀ ရက်နေ့အတွင်း အဆင့်ဆင့်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။

၁၁-၈-၂၀၁၀ ရက်နေ့က လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များကို ကြေညာခဲ့ပြီး ၁၃-၈-၂၀၁၀ ရက်နေ့က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ (ရွေးကောက်ပွဲမကျင်းပမီ ၈၆ ရက်ကြိုတင်၍ ကြေညာခဲ့ခြင်း ဖြစ်သည်။)

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေအရ - ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုစီအတွက် အမျိုးလွှတ်တော်မဲဆန္ဒနယ်တစ်နယ်စီ သတ်မှတ်ပေးထားသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ဖြင့် စုစည်းထားသော 'နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ' ကို စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်တွင် မဲဆန္ဒနယ်အမှတ်(၁၂) အဖြစ်လည်းကောင်း၊ ရှမ်းပြည်နယ်ရှိ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့ဖြင့် စုစည်းထားသော 'ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ' ကို ရှမ်းပြည်နယ်အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၈) အဖြစ်လည်းကောင်း၊ ဟိုပုန်းမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့ဖြင့် စုစည်းထားသော 'ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ' ကို အမျိုးလွှတ်တော်မဲဆန္ဒနယ်အမှတ်(၉) အဖြစ်လည်းကောင်း နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့ဖြင့် စုစည်းထားသော 'ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ' ကို အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၀) အဖြစ်လည်းကောင်း၊ ကုန်းကြမ်းမြို့နယ်နှင့် လောက်ကိုင်မြို့နယ်တို့ဖြင့် စုစည်းထားသော 'ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ' ကို အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁) အဖြစ်လည်းကောင်း၊ ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်၊ မက်မန်းမြို့နယ်နှင့် ပန်ဆန်း (ပန်ခမ်း)မြို့နယ် ခြောက်မြို့နယ်တို့ကို ခရိုင်နှစ်ခရိုင်အဖြစ် စုစည်းထားသော 'ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း' ကို အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၁၂) အဖြစ်လည်းကောင်း သတ်မှတ်ခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် မြို့နယ်တစ်မြို့နယ်ကို မဲဆန္ဒနယ် ၂ နယ် သတ်မှတ်ထားသော်လည်း နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ရှိသော နေပြည်တော်ကောင်စီနယ်မြေ (ပြည်ထောင်စုနယ်မြေ - တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ် - ပေါင်း ၈ မြို့နယ်)အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန် မလိုခြင်းကြောင့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်တွင် မဲဆန္ဒနယ် ၅၆ နယ်သာ ရှိသည်။

ထို့ပြင် တိုင်းဒေသကြီးများတွင် ထိုတိုင်းဒေသကြီး ရရှိပြီးသော သို့မဟုတ် ထိုတိုင်းဒေသကြီးအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိလူဦးရေစုစုပေါင်း၏ ၀ ဒသမ ၁ ရာခိုင်နှုန်းနှင့်အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသား လူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် ယင်းတိုင်းဒေသကြီးလွှတ်တော်တွင် တိုင်းရင်းသား

လူမျိုး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကျစီ ရရှိပါသည်။

ထိုနည်းတူပင် ပြည်နယ်များတွင် ထိုပြည်နယ်ရရှိပြီးသော သို့မဟုတ် ထိုပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ ဝ ဒသမ ၁ ရာခိုင်နှုန်းနှင့်အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် ယင်းပြည်နယ်လွှတ်တော်၌ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကျစီ ရရှိပါသည်။

၂၀၁၀ ပြည့်နှစ်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၉,၇၈၀,၀၀၀ ဖြစ်သဖြင့် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုခုတွင် လူဦးရေ ၅၉,၇၈၀ နှင့်အထက်ရှိသော တိုင်းရင်းသားလူမျိုးတစ်မျိုး (အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ရရှိထားသော တိုင်းရင်းသားလူမျိုးများမှအပ) သည် ၎င်းတို့၏ လူမျိုးအတွက် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရရှိမည် ဖြစ်ပါသည်။ ၂၀၁၀ အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့စဉ်က တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော် အသီးသီးတွင် တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ် ရရှိခဲ့ကြသော တိုင်းရင်းသား လူမျိုးများစာရင်းကို ဇယား(၁)တွင် ဖော်ပြထားပါသည်။ ထိုဇယားအရ မြန်မာတစ်နိုင်ငံလုံးတွင် တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်ပေါင်း ၂၉ ဦးရှိပြီး ရှမ်းပြည်နယ်တွင် တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ် ၇ ဦးအထိ ရှိခဲ့သော်လည်း ချင်းပြည်နယ်တွင်မူ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးမျှ မရှိခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။

ကော်မရှင်က လွှတ်တော်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကို ၁၃-၈-၂၀၁၀ ရက်နေ့က ကြေညာခဲ့ပြီး ၁၆-၈-၂၀၁၀ ရက်နေ့မှ ၃၀-၉-၂၀၁၀ ရက်နေ့ထိ အမည်စာရင်းတင်သွင်းထားခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများအား စိစစ်မည့်နေ့ရက်နှင့် ရုတ်သိမ်းနိုင်သည့်နေ့ရက်များကို ကြေညာခြင်း၊ စိစစ်ပြီး ယှဉ်ပြိုင်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်း ကြေညာခြင်းများကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများအား ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောခွင့်ပြုခဲ့ရာ နိုင်ငံရေးပါတီအသီးသီးက ၂၄-၉-၂၀၁၀ ရက်နေ့မှ ၃၀-၁၀-၂၀၁၀ ရက်နေ့အထိ ဟောပြောခဲ့ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို ပြည်သူ့လွှတ်တော်၌ မဲဆန္ဒနယ် ၃၃၀ ရှိသည့်အနက် မဲဆန္ဒနယ် ၃၂၅ နယ်တွင်လည်းကောင်း၊ အမျိုးသားလွှတ်တော်၌ မဲဆန္ဒနယ် ၁၆၈ နယ်တွင်လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်၌ မဲဆန္ဒနယ် ၆၇၃ နယ် (တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၂၉ ခု အပါအဝင်) ရှိသည့်အနက် မဲဆန္ဒနယ် ၆၆၁ နယ်တွင်လည်းကောင်း ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့၌ကျင်းပခဲ့သည်။ ထို့နောက် လွှတ်တော်အလိုက် မဲဆန္ဒနယ်အသီးသီးတွင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းများကို ၇-၁၁-၂၀၁၀ ရက်နေ့မှ ၁၇-၁၁-၂၀၁၀ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၁၀ အထွေထွေရွေးကောက်ပွဲမှ အဓိကကျသော လုပ်ငန်းစဉ်များ ၏ အချိန်ဇယားကို ဇယား(၂)တွင် ဖော်ပြထားပါသည်။

ပြည်သူ့လွှတ်တော်တွင် မဲဆန္ဒနယ် ၃၃၀ ရှိသည့်အနက် ရှမ်းပြည်နယ်မှ - ပန်ဆန်း (ပန်ခမ်း)၊ နားဖန်း၊ ပန်ဝိုင်နှင့် မိုင်းမော မြို့နယ် ၄ မြို့နယ်သည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် ကျင်းပပေးရန် အခြေအနေမရှိသဖြင့်လည်းကောင်း၊ မိုင်းလားမြို့နယ်တွင်မူ ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်း တစ်ဦးမျှ မရှိခြင်းကြောင့်လည်းကောင်း မဲဆန္ဒနယ်(၃၂၅)နယ်တွင်သာ ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုနည်းတူပင် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွင် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် ၂၉ ဦး အပါအဝင် နေရာပေါင်း (၆၇၃)နေရာ ရှိသည့်အနက် ကချင်ပြည်နယ်မှ အင်ဂျန်းယန် မဲဆန္ဒနယ်အမှတ် ၂ နှင့် ဆွမ်ပရာဘွမ် မဲဆန္ဒနယ်အမှတ် ၂၊ ရှမ်းပြည်နယ်မှ အထက်ဖော်ပြပါ မြို့နယ် ၄ မြို့နယ်မှ မဲဆန္ဒနယ် ၈ နယ်နှင့် ယှဉ်ပြိုင်မည့်သူ မရှိသည့် မိုင်းလားမြို့နယ်မှ မဲဆန္ဒနယ် ၂ နယ် - စုစုပေါင်း ၁၂ နယ်တွင် ရွေးကောက်ပွဲကျင်းပ မပေးနိုင်သည့်အတွက် အဆိုပါ လွှတ်တော်၌ မဲဆန္ဒနယ် ၆၆၁ နယ်သာ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

၂၀၁၀ အထွေထွေရွေးကောက်ပွဲကျင်းပခဲ့စဉ်က တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင်ရှိသော မဲဆန္ဒရှင်ပေါင်း

နှင့် ဆန္ဒမဲပေးခဲ့သော မဲဆန္ဒရှင်ဦးရေများကို ဇယား(၃)တွင်လည်းကောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော နိုင်ငံရေးပါတီကိုယ်စား ပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ၏ အရေအတွက်ကို ဇယား(၄)တွင် လည်းကောင်း ဖော်ပြထားပါသည်။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၃၇ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၂,၉၈၇ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ်လောင်း ၈၂ ဦး - ပေါင်း ၃,၀၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြည်ခိုင်ဖြိုးပါတီသည် ပြည်သူ့လွှတ်တော်တွင် ၃၁၄ ဦး၊ အမျိုးသား လွှတ်တော်တွင် ၁၅၉ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်တွင် ၆၁၁ ဦးနှင့် တိုင်းရင်းသားလူမျိုးအတွက် ၂၇ ဦး - စုစုပေါင်း ၁,၁၁၁ ဦးဖြင့် အများဆုံး ဝင်ရောက်ယှဉ်ပြိုင် ခဲ့သော နိုင်ငံရေးပါတီ ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီပေါင်း ၄၂ ပါတီရှိခဲ့သော်လည်း ၃၇ ပါတီသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သဖြင့် ဥပဒေအရအနည်းဆုံး မဲဆန္ဒနယ်သုံးနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိခဲ့သော နိုင်ငံရေးပါတီ ၅ ပါတီသည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခြင်းမှပယ်ဖျက်ခြင်း ခံခဲ့ရပါသည်။ ရွေးကောက်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီ ၃၇ ပါတီအနက် ၂၂ ပါတီ ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရပါသည်။ ရွေးကောက် တင်မြှောက်ခြင်း ခံရသော နိုင်ငံရေးပါတီ ၂၂ ပါတီ၏ အမည်များ၊ ရွေးကောက်တင်မြှောက်ခြင်း မခံရသော နိုင်ငံရေးပါတီ ၁၅ ပါတီ၏ အမည်များနှင့် မှတ်ပုံတင် ပယ်ဖျက်ခြင်းခံရသော နိုင်ငံရေးပါတီ ၅ ပါတီ၏အမည်များကို ဇယား (၅)တွင် ဖော်ပြထားပါသည်။ (ယခုဆောင်းပါးကို ရေးနေသည့် ၂၄-၁၁-၂၀၁၄ ရက်နေ့အထိ မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီ ပေါင်း ၆၉ ပါတီ ရှိပြီဖြစ်ပါသည်။)

၂၀၁၀ အထွေထွေရွေးကောက်ပွဲကျင်းပခဲ့စဉ်က ပြည်သူ့လွှတ်တော်တွင် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် နိုင်ငံရေးပါတီအသီးသီးမှ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ဦးရေကို ဇယား(၆)တွင် လည်းကောင်း၊ အမျိုးသားလွှတ်တော်တွင် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် နိုင်ငံရေးပါတီအသီးသီးမှ ရွေးကောက် တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ဦးရေကို ဇယား(၇)တွင် လည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်/ ပြည်နယ်လွှတ်တော်တွင် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် နိုင်ငံရေးပါတီအသီးသီးမှ ရွေးကောက် တင်မြှောက်ခြင်း ခံရသော လွှတ်တော်ကိုယ်စားလှယ်ဦးရေကို ဇယား(၈)တွင်လည်းကောင်း ဖော်ပြထားပါသည်။ ထို့ပြင် နိုင်ငံရေး ပါတီများ အလိုက် လွှတ်တော်အသီးသီးတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် စာရင်းချုပ်ကိုလည်း ဇယား(၉)တွင် ဖော်ပြထားပါသည်။

ဇယား(၂)အရ - မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် မဲဆန္ဒရှင်ပေါင်း ၂၉,၀၂၁,၆၀၈ ဦး ရှိပြီး မဲဆန္ဒရှင်ပေါင်း ၂၂,၄၂၁,၁၂၃ ဦး မဲပေးခဲ့သဖြင့် တစ်နိုင်ငံလုံးအတွက် ပျမ်းမျှမဲပေးမှုရာခိုင်နှုန်းမှာ ၇၇ ဒသမ ၂၆ ဖြစ်သည်။ (ပယ်မဲ ပျောက်မဲရာခိုင်နှုန်းမှာ - ၆ ဒသမ ၇၄ ရှိခဲ့သည်။) တစ်နိုင်ငံလုံးတွင် မဲရုံပေါင်း (၃၉,၅၀၀) ရှိခဲ့ပြီး မဲရုံမှူးနှင့် ဒု-မဲရုံမှူး အပါအဝင် မဲရုံအဖွဲ့ဝင်ပေါင်း ၆၀၆,၄၉၇ ဦး ရှိခဲ့သဖြင့် မဲရုံတစ်ရုံလျှင် ပျမ်းမျှမဲဆန္ဒရှင် ၇၃၅ ဦးခန့်ရှိပြီး ပျမ်းမျှမဲရုံအဖွဲ့ဝင် ၁၅ ဦးခန့် ရှိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မဲဆန္ဒရှင်အများဆုံး ရှိပြီး ကယားပြည်နယ်တွင် မဲဆန္ဒရှင်အနည်းဆုံး ရှိသည်။ ကယားပြည်နယ်သည် မဲပေးမှုရာခိုင်နှုန်း အများဆုံးပြည်နယ် (၉၅. ၃၅%) ဖြစ်ကာ မွန်ပြည်နယ်သည် မဲပေးမှုရာခိုင်နှုန်း အနည်းဆုံးပြည်နယ် (၆၂. ၉၃%) ဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးတွင် မဲဆန္ဒရှင်အများဆုံး ရှိသည့် မြို့နယ်သည် ရန်ကုန် တိုင်းဒေသကြီးမှ လှိုင်သာယာမြို့နယ် (မဲဆန္ဒရှင်ပေါင်း ၃၀၇,၇၄၃ ဦး) ဖြစ်ပြီး မဲဆန္ဒရှင်အနည်းဆုံး ရှိသည့် မြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီးမှ ကိုကိုးကျွန်းမြို့နယ် (မဲဆန္ဒရှင်ပေါင်း ၇၈၉ ဦး) တို့ ဖြစ်ကြသည်။ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးမှ ဆိပ်ကမ်းမြို့နယ်တွင် မဲဆန္ဒရှင်ပေါင်း ၁,၇၆၉ ဦးသာရှိပြီး ကယားပြည်နယ်မှ ရှားတောမဲဆန္ဒနယ် တွင်လည်း မဲဆန္ဒရှင်ပေါင်း ၁,၈၂၀ ဦးသာ ရှိသည်။ မဲဆန္ဒရှင်များသော အခြားမြို့နယ်များမှာ ဧရာဝတီတိုင်းဒေသကြီးမှ လပွတ္တာမြို့နယ် - ၃၀၄,၃၃၆ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ပဲခူးမြို့နယ် - ၂၈၄,၄၆၆ ဦး၊ ရခိုင်ပြည်နယ်မှ မောင်တောမြို့နယ် - ၂၅၅,၇၉၂ ဦး၊ ရှမ်းပြည်နယ်မှ တောင်ကြီးမြို့နယ် - ၂၃၈,၈၁၆ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ကျောက်ပန်းတောင်းမြို့နယ် - ၂၀၅,၇၈၅ ဦး၊ စစ်ကိုင်းတိုင်း ဒေသကြီးမှ မုံရွာမြို့နယ် - ၂၁၆,၉၁၄ ဦး၊ မကွေးတိုင်းဒေသကြီးမှ ပခုက္ကူမြို့နယ် - ၁၉၉,၂၂၈ ဦး၊ ကရင်ပြည်နယ်မှ ဘားအံ မြို့နယ် - ၁၉၆,၇၈၁ ဦး၊ တနင်္သာရီ တိုင်းဒေသကြီးမှ မြိတ်မြို့နယ် - ၁၄၉,၄၀၈ ဦးနှင့် မွန်ပြည်နယ်မှ မော်လမြိုင်မြို့နယ် - ၁၃၄,၉၂၉ ဦး အသီးသီး ဖြစ်ကြသည်။

ဇယား(၉)အရ - လွှတ်တော်သုံးရပ်တွင် လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၁၁၅၄ ဦး ရှိသည့်အနက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၈၈၂ ဦး ရွေးချယ်ခံခဲ့ရခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၇၆ ဒသမ ၄၃ ရှိပြီး ဒုတိယနှင့် တတိယအများဆုံး ရွေးချယ်ခံခဲ့ရသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် ရှမ်းတိုင်းရင်းသားများပါတီများ၏ လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ခံရမှုသည် ရာခိုင်နှုန်းအားဖြင့် ၅ ဒသမ ၅၅ နှင့် ၄ ဒသမ ၉၄ အသီးသီးရှိခဲ့ကြောင်း တွေ့ရှိနိုင်ပါသည်။

မဲဆန္ဒနယ်တစ်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းသာ ရှိခဲ့ခြင်းကြောင့် ရွေးကောက်ပွဲကျင်းပပေးရန် မလိုသည့် မဲဆန္ဒနယ်များ ရှိခဲ့ရာ - ပြည်သူ့လွှတ်တော်တွင် မဲဆန္ဒနယ် ၁၀ နယ်၊ အမျိုးသားလွှတ်တော်တွင် မဲဆန္ဒနယ် ၈ နယ်၊ တိုင်းဒေသကြီးလွှတ်တော်တွင် မဲဆန္ဒနယ် ၁၉ နယ်နှင့် ပြည်နယ်လွှတ်တော်တွင် မဲဆန္ဒနယ် ၁၈ နယ် - စုစုပေါင်းမဲဆန္ဒနယ် ၅၅ နယ် ရှိခဲ့ပါသည်။

လွှတ်တော်သုံးရပ်တွင် လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၁,၁၅၄ ဦး ရှိသည့်အနက် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ပါဝင်မှုအနေဖြင့် - ပြည်သူ့လွှတ်တော်တွင် ၁၄ ဦး၊ အမျိုးသားလွှတ်တော်တွင် ၆ ဦးနှင့် တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်တွင် ၂၅ ဦး - ပေါင်း ၄၅ ဦးသာရှိခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၃ ဒသမ ၈၉ ရှိပါသည်။ (ယခုလက်ရှိအချိန် - ၁၄-၁၁-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သုံးရပ်၌ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၅၃ ဦးအပါအဝင် လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၁,၁၁၃ ဦး ရှိပါသည်။)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့သည် ၂၀၁၀ အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲမှ ကိန်းဂဏန်းအချက်အလက်များနှင့် အတွေ့အကြုံများမှ အားသာချက်၊ အားနည်းချက်တို့ကို အခြေခံလျက် ယခုလာမည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုးပမ်းကြမည် ဖြစ်ပါသည်။

**ဇယား (၁) - ၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်များအလိုက် ရရှိခဲ့သော တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်စာရင်း**

| စဉ် | တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုး |
|---|---|---|
| ၁ | ကချင်ပြည်နယ်လွှတ်တော် | ဗမာ၊ ရှမ်း၊ လီဆူးနှင့် ရဝမ် - ပေါင်း ၄ ဦး |
| ၂ | ကယားပြည်နယ်လွှတ်တော် | ဗမာ - ပေါင်း ၁ ဦး |
| ၃ | ကရင်ပြည်နယ်လွှတ်တော် | ဗမာ၊ မွန်နှင့် ပအိုဝ် - ပေါင်း ၃ ဦး |
| ၄ | ချင်းပြည်နယ်လွှတ်တော် | - မရှိ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် | ရှမ်း နှင့် ချင်း - ပေါင်း ၂ ဦး |
| ၆ | တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် | ကရင် - ပေါင်း ၁ ဦး |
| ၇ | ပဲခူးတိုင်းဒေသကြီးလွှတ်တော် | ကရင် - ပေါင်း ၁ ဦး |
| ၈ | မကွေးတိုင်းဒေသကြီးလွှတ်တော် | ချင်း - ပေါင်း ၁ ဦး |
| ၉ | မန္တလေးတိုင်းဒေသကြီးလွှတ်တော် | ရှမ်း - ပေါင်း ၁ ဦး |
| ၁၀ | မွန်ပြည်နယ်လွှတ်တော် | ဗမာ၊ ပအိုဝ်နှင့် ကရင် - ပေါင်း ၃ ဦး |
| ၁၁ | ရခိုင်ပြည်နယ်လွှတ်တော် | ချင်း - ပေါင်း ၁ ဦး |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် | ကရင် နှင့် ရခိုင် - ပေါင်း ၂ ဦး |
| ၁၃ | ရှမ်းပြည်နယ်လွှတ်တော် | ဗမာ၊ ကချင်၊ လီဆူး၊ လားဟူ၊ အင်း၊ ကော်(အခါ)နှင့် ကယန်း(ပဒေါင်) - ပေါင်း ၇ ဦး |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် | ကရင် နှင့် ရခိုင် - ပေါင်း ၂ ဦး |
| | စုစုပေါင်း | ၂၉ ဦး |

**ဇယား (၂) - ၂၀၁၀ အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်အချိန်ဇယား**

| စဉ် | အကြောင်းအရာ | ထုတ်ပြန်ကြေညာ/ ဆောင်ရွက်သည့်ရက်စွဲ |
|---|---|---|
| ၁။ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေများ ထုတ်ပြန်ကြေညာခြင်း။ | ၈-၃-၂၀၁၀ |
| ၂။ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။ | ၁၁-၃-၂၀၁၀ |
| ၃။ | နည်းဥပဒေများ ထုတ်ပြန်ခြင်း | ၁၇-၃-၂၀၁၀ |
| ၄။ | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။ | ၇-၄-၂၀၁၀ မှ<br>၂၃-၈-၂၀၁၀ |
| ၅။ | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များ သတ်မှတ်ကြေညာခြင်း။ | ၁၁-၈-၂၀၁၀ |
| ၆။ | ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကျင်းပမည့် အကြောင်း ကြေညာခြင်း။ | ၁၃-၈-၂၀၁၀ |
| ၇။ | လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းရန် ကြေညာခြင်း။ | ၁၃-၈-၂၀၁၀ |
| ၈။ | လွှတ်တော်ကိုယ်စားလှယ်လောင်းများအား စိစစ်ခြင်း၊ ရုတ်သိမ်းခြင်းနှင့်စပ်လျဉ်းသည့် နေ့ရက်များ ကြေညာခြင်း၊ စိစစ်ခြင်းနှင့် အမည်စာရင်းများ ကြေညာခြင်း။ | ၁၆-၈-၂၀၁၀ မှ<br>၃၀-၉-၂၀၁၀ |
| ၁၀။ | ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောခြင်း။ | ၂၄-၉-၂၀၁၀ မှ<br>၃၀-၁၀-၂၀၁၀ |
| ၁၁။ | တစ်နိုင်ငံလုံးတွင် အထွေထွေရွေးကောက်ပွဲများ ကျင်းပခြင်း။ | ၇-၁၁-၂၀၁၀ |
| ၁၂။ | ရွေးကောက်ပွဲရလဒ်များ ကြေညာခြင်း။ | ၇-၁၁-၂၀၁၀ မှ<br>၁၇-၁၁-၂၀၁၀ |

**ဇယား (၃) - ၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် ရှိခဲ့သော မဲဆန္ဒရှင်ဦးရေနှင့် မဲပေးသူဦးရေ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မဲဆန္ဒရှင်ဦးရေ | မဲပေးသူဦးရေ | မဲပေးသည့် ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၇၅၀,၉၁၆ | ၅၃၁၅၇၄ | ၇၀. ၇၉ |
| ၂ | ကယားပြည်နယ် | ၁၃၈၅၆၃ | ၁၃၂၁၂၆ | ၉၅. ၃၅ |
| ၃ | ကရင်ပြည်နယ် | ၄၈၉၆၇၉ | ၃၄၈၃၂၃ | ၇၁. ၁၃ |
| ၄ | ချင်းပြည်နယ် | ၂၃၃၄၇၄ | ၁၉၈၃၆၈ | ၈၄. ၉၆ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၁၁၇၆၆၆ | ၂၂၇၇၆၅၇ | ၇၃. ၀၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၆၉၂၀၂၂ | ၅၈၆၄၃၈ | ၈၄. ၇၅ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၃၀၄၄၁၆၇ | ၂၃၄၇၈၁၇ | ၇၇. ၁၃ |
| ၈ | မကွေးတိုင်းဒေသကြီး | ၂၆၉၆၃၈၃ | ၂၂၅၀၁၉၆ | ၈၃. ၄၅ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၄၃၉၃၈၇၈ | ၃၅၅၇၄၉၇ | ၈၀. ၉၆ |
| ၁၀ | မွန်ပြည်နယ် | ၁၀၁၆၉၅၂ | ၆၃၉၉၈၀ | ၆၂. ၉၃ |
| ၁၁ | ရခိုင်ပြည်နယ် | ၁၄၄၁၄၉၄ | ၁၂၄၁၉၀၀ | ၈၆. ၁၅ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၄၄၇၇၁၁၃ | ၃၀၉၅၃၃၃ | ၆၉. ၁၄ |
| ၁၃ | ရှမ်းပြည်နယ် | ၂၆၂၄၉၂၃ | ၂၀၂၂၈၆၀ | ၇၇. ၀၆ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၃၉၀၄၃၇၈ | ၃၁၉၁၀၅၄ | ၈၁. ၇၃ |
| | စုစုပေါင်း | ၂၉၀၂၁၆၀၈ | ၂၂၄၂၁၁၂၃ | ၇၇. ၂၆ |

## ဇယား(၄) - လွှတ်တော်အသီးသီးတွင် နိုင်ငံရေးပါတီများအလိုက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော ကိုယ်စားလှယ်လောင်းစာရင်း

| စဉ် | ပါတီ / တစ်သီးပုဂ္ဂလ | ယှဉ်ပြိုင်သည့်ကိုယ်စားလှယ်လောင်းအရေအတွက် | | | | ပေါင်း |
|---|---|---|---|---|---|---|
| | | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | လူမျိုး | |
| ၁ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၃၁၄ | ၁၅၉ | ၆၁၁ | ၂၇ | ၁၁၁၁ |
| ၂ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၉၄ | ၁၄၉ | ၅၃၄ | ၁၇ | ၉၉၄ |
| ၃ | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | ၁၀၁ | ၃၄ | ၂၃ | - | ၁၅၈ |
| ၄ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ | ၄၅ | ၁၅ | ၉၃ | ၃ | ၁၅၆ |
| ၅ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | ၂၂ | ၉ | ၁၆ | - | ၄၇ |
| ၆ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးပါတီ | ၂၅ | ၁၁ | ၁၀ | - | ၄၆ |
| ၇ | ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ | ၁၂ | ၈ | ၂၃ | ၁ | ၄၄ |
| ၈ | ကရင်ပြည်သူ့ပါတီ | ၇ | ၅ | ၂၄ | ၅ | ၄၁ |
| ၉ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၂၈ | ၆ | ၅ | - | ၃၉ |
| ၁၀ | ချင်းတိုးတက်ရေးပါတီ | ၈ | ၁၂ | ၁၇ | ၁ | ၃၈ |
| ၁၁ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | ၈ | ၉ | ၁၆ | ၁ | ၃၄ |
| ၁၂ | ခေတ်သစ်ပြည်သူ့ပါတီ | ၇ | ၄ | ၁၉ | - | ၃၀ |
| ၁၃ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ | ၆ | ၅ | ၁၁ | - | ၂၂ |
| ၁၄ | "ဝ" ဒီမိုကရက်တစ်ပါတီ | ၈ | ၁ | ၁၆ | - | ၂၅ |
| ၁၅ | ချင်းအမျိုးသားပါတီ | ၆ | ၇ | ၉ | - | ၂၂ |
| ၁၆ | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၅ | ၄ | ၉ | - | ၁၈ |
| ၁၇ | တအာင်း(ပလောင်)အမျိုးသားပါတီ | ၄ | ၂ | ၉ | - | ၁၅ |
| ၁၈ | မြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | ၂ | ၂ | ၁၀ | - | ၁၄ |
| ၁၉ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ် | ၆ | ၃ | ၄ | - | ၁၃ |
| ၂၀ | ကယန်းအမျိုးသားပါတီ | ၂ | ၃ | ၇ | ၁ | ၁၃ |
| ၂၁ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃ | - | ၈ | ၁ | ၁၂ |
| ၂၂ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် | ၃ | ၁ | ၆ | - | ၁၀ |
| ၂၃ | ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ | ၈ | ၁ | - | - | ၉ |
| ၂၄ | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) | ၂ | ၃ | ၂ | ၂ | ၉ |
| ၂၅ | မြို (ခ) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ပါတီ | ၁ | ၁ | ၇ | - | ၉ |
| ၂၆ | ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) | ၄ | ၃ | ၁ | - | ၈ |
| ၂၇ | ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ | ၃ | ၁ | ၄ | - | ၈ |
| ၂၈ | မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ | ၃ | ၂ | ၂ | - | ၇ |
| ၂၉ | ကမန်အမျိုးသားတိုးတက်ရေးပါတီ | ၂ | ၁ | ၃ | - | ၆ |
| ၃၀ | အင်းအမျိုးသားတိုးတက်ရေးပါတီ | ၁ | ၁ | ၂ | ၁ | ၅ |
| ၃၁ | ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၄ | - | - | - | ၄ |
| ၃၂ | ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ | - | ၂ | ၂ | - | ၄ |
| ၃၃ | "ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | ၃ | ၁ | - | - | ၄ |
| ၃၄ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေးပါတီ | - | ၂ | ၁ | - | ၃ |
| ၃၅ | ပြည်ထောင်စုဒီမိုကရေစီပါတီ | ၂ | ၁ | - | - | ၃ |
| ၃၆ | ခမိအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | ၃ | - | - | ၃ |
| ၃၇ | တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးပါတီ | - | ၁ | ၂ | - | ၃ |
| ၃၈ | တစ်သီးပုဂ္ဂလ | ၄၀ | ၇ | ၂၉ | ၆ | ၈၂ |
| | စုစုပေါင်း | ၉၈၉ | ၄၇၉ | ၁၅၃၅ | ၆၆ | ၃၀၆၉ |

**ဇယား(၅)- ၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်း ခံရသော နိုင်ငံရေးပါတီများ၊ ရွေးကောက်တင်မြှောက်ခြင်း မခံရသော နိုင်ငံရေးပါတီများနှင့် မှတ်ပုံတင်ပယ်ဖျက်ခြင်း ခံရသော နိုင်ငံရေးပါတီများ စာရင်း**

| စဉ် | ရွေးကောက်တင်မြှောက်ခြင်း ခံရသော နိုင်ငံရေးပါတီများ | ရွေးကောက်တင်မြှောက်ခြင်း မခံရသော နိုင်ငံရေးပါတီများ | မှတ်ပုံတင်ပယ်ဖျက်ခြင်း ခံရသော နိုင်ငံရေးပါတီများ |
|---|---|---|---|
| ၁ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁။ မြို (ခ) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ | ၁။ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ် |
| ၂ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂။ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ | ၂။ မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ |
| ၃ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) | ၃။ မြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | ၃။ မြန်မာဒီမိုကရေစီကွန်ဂရက်ပါတီ |
| ၄ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | ၄။ 'ဝ' အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | ၄။ မြိုတိုင်းရင်းသားပါတီ |
| ၅ | ကယန်းအမျိုးသားပါတီ | ၅။ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ | ၅။ ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ (ပြည်) |
| ၆ | ကရင်ပြည်သူ့ပါတီ | ၆။ ညီညွတ်သော ဒီမိုကရက်တစ်ပါတီ | |
| ၇ | တအာင်း(ပလောင်)အမျိုးသားပါတီ | ၇။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် | |
| ၈ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | ၈။ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ် | |
| ၉ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉။ ဝံသာနုဒီမိုကရက်တစ်ပါတီ | |
| ၁၀ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ | ၁၀။ ခေတ်သစ်ပြည်သူ့ပါတီ | |
| ၁၁ | ချင်းအမျိုးသားပါတီ | ၁၁။ ပြည်ထောင်စုဒီမိုကရေစီပါတီ | |
| ၁၂ | ချင်းတိုးတက်ရေးပါတီ | ၁၂။ မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | |
| ၁၃ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၃။ ကမန်အမျိုးသားတိုးတက်ရေးပါတီ | |
| ၁၄ | ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ | ၁၄။ ခမိအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၅ | 'ဝ' ဒီမိုကရက်တစ်ပါတီ | ၁၅။ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေးပါတီ | |
| ၁၆ | ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ | | |
| ၁၇ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ | | |
| ၁၈ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | | |
| ၁၉ | တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ | | |
| ၂၀ | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | | |
| ၂၁ | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) | | |
| ၂၂ | ကရင်ပြည်နယ်ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | | |